# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်- ၄ / ၂၀၂၁
### ၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
### ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာန၊ ရေဆင်းတွင် လစ်လပ်လျှက်ရှိသော (လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) သုတေသနလက်ထောက်(၃)၊ ပညာရှင်အဆင့်(၂) ရာထူးနေရာ (၁)နေရာ အတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) သိပ္ပံဘွဲ့ တစ်ခုခုရရှိသူ ဖြစ်ရမည်၊

(ဂ) ၃၁-၈-၂၀၂၁ ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကြီးသူ၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက် (၃၅)နှစ်ထက် မကြီးသူ ဖြစ်ရမည်၊

(ဃ) ကွန်ပျူတာအခြေခံသင်တန်းတက်ရောက်အောင်မြင်သူဖြစ်ရမည်၊

(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံ သန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှထောက်ခံချက်ပေးအပ်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ တစ်ဖက်ဖော်ပြပါ အထောက်အထား များ (pdf format ဖြင့် scan ဖတ်၍ )ပူးတွဲလျက် fridiroffice@forest.gov.mm သို့ ၁၄-၉-၂၀၂၁ နောက်ဆုံးထား၍ Online စနစ်ဖြင့် ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောပို့ဖြင့် ဖြစ်စေ၊ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး များသို့ဖြစ်စေ လျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ်မူရင်း (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်)၊

(ခ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း (စစ်ဆေးသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြနိုင်ရမည်)၊

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊

(ဃ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း၊

(င) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဌာနအကြီးအမှူး၏ ခွင့်ပြုချက်မူရင်း၊

၄။ စည်းကမ်းနှင့် မကိုက်ညီသော(သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ အရည်အချင်းစစ်ဆေးခြင်းကို အင်္ဂလိပ်စာ၊ နိုင်ငံ့ဝန်ထမ်းဥပဒေများ၊ နည်းဥပဒေနှင့် အထွေထွေဗဟုသုတအတွက် ၂၀၂၀ ခုနှစ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စုစည်းပြုစုထားသည့် သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာစာအုပ်ပါ အချက်အလက်များအား စစ်ဆေး မေးမြန်းသွားမည် ဖြစ်ပါသည်။

၆။ စာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာ နှင့် စာမေးပွဲဖြေဆိုရန်အတွက် လျှောက်ထားသူ တစ်ဦးချင်းစီ ၏ စာမေးပွဲခုံနံပါတ်များကို သစ်တောဦးစီးဌာန၏ Website www.forestdepartment.gov.mm နှင့် www.facebook.com/ forestdepartment.gov.mm တို့တွင် ကြိုတင်ကြေညာပေးသွားမည် ဖြစ်ပါသည်။

၇။ လက်ရှိ COVID-19 သတ်မှတ်ချက်များအရ နေပြည်တော်တွင် နေထိုင်သူများကို သစ်တောသုတေသနဌာနတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေထိုင်သူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများတွင် လည်းကောင်း ရေးဖြေစစ်ဆေးသွားမည်ဖြစ်ပါသဖြင့် လက်ရှိနေရပ်ကို တိကျစွာ ထည့်သွင်းဖော်ပြလျှောက်ထားရပါမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၁၆၅၂၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ Website www.forestdepartment.gov.mmတွင် download ရယူနိုင်ပါသည်။

သစ်တောဦးစီးဌာန

သို့

ညွှန်ကြားရေးမှူးချုပ်

သစ်တောဦးစီးဌာန

နေပြည်တော်

ရက်စွဲ။

အကြောင်းအရာ။ **သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနတွင် အလုပ်တစ်နေရာ ခန့်ထားပေးပါရန်လျှောက်ထားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနတွင် တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် ရိုသေစွာဖြင့် တင်ပြလျှောက်ထားအပ်ပါသည်။

၂။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်/ကျွန်မ ------------------ သည် ---------ပညာသင်နှစ် --------------------ခုနှစ် ---------------လတွင် ------------တက္ကသိုလ်မှ ကျင်းပသောဘွဲ့ကြိုနောက်ဆုံးနှစ်စာမေးပွဲကိုအောင်မြင်၍ သိပ္ပံဘွဲ့-------------ကို ရရှိပြီးဖြစ်ပါသဖြင့် သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနတွင် တာဝန်ထမ်းဆောင် လိုပါသောကြောင့် ရိုသေစွာဖြင့် ဆန္ဒပြုလျှောက်ထားအပ်ပါသည်။

၃။ ကျွန်တော်/ကျွန်မအနေဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မည်ဖြစ်ပြီး တာဝန်ပေးစေလွှတ်သည့် မည်သည့်နေရာဒေသမဆို သွားရောက်တာဝန် ထမ်းဆောင်မည်ဖြစ်ပါကြောင်းနှင့် ဌာန၏စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

၄။ ကျွန်တော်/ကျွန်မ၏ ကိုယ်ရေးရာဇဝင်ကို ပူးတွဲတင်ပြအပ်ပါသည်။

ရိုသေစွာဖြင့်

လက်မှတ်----------------------------

အမည်---------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်---------------------------

## ကိုယ်ရေးရာဇဝင်အကျဉ်း

ဓါတ်ပုံ (1½" × 2" ၊
နောက်ခံအပြာ၊
စတစ်အဖြူ/ရင်ဖုံး)

| | | | |
|---|---|---|---|
| ၁။ | အမည် | - | ------------------------------------ |
| ၂။ | အဘအမည် | - | ------------------------------------ |
| ၃။ | အမိအမည် | - | ------------------------------------ |
| ၄။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - | ------------------------------------ |
| ၅။ | မွေးသက္ကရာဇ်/အသက် | - | ------------------------------------ |
| ၆။ | ကိုးကွယ်သည့်ဘာသာ | - | ------------------------------------ |
| ၇။ | လူမျိုး | - | ------------------------------------ |
| ၈။ | ပညာအရည်အချင်း | - | ------------------------------------ |
| ၉။ | ဆက်သွယ်ရန်လိပ်စာ | - | ------------------------------------<br>------------------------------------ |
| ၁၀။ | အမြဲတမ်းနေရပ်လိပ်စာ | - | ------------------------------------<br>------------------------------------ |
| ၁၁။ | ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ------------------------------------<br>------------------------------------ |
| ၁၂။ | ရေးဖြေ ဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ် | - | ------------------------------------<br>------------------------------------ |

အထက်ပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးအပ်ပါသည်။

လက်မှတ် - ---------------------------

အမည် - ---------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြား - ---------------------------
အမှတ်